## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက် အမှာစကား

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ရက်နေ့မှ စတင်ခဲ့ရာ ယနေ့ (ဧပြီလ ၈ ရက်နေ့) မှာ ပြီးဆုံးမှာဖြစ်ပါတယ်။ လွှတ်တော်ဆိုတာ ပြည်သူကို ကိုယ်စားပြုခွင့်ရတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ လွှတ်တော်အဆောက်အအုံထဲမှာ " ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက် " ဆိုတဲ့ ဆောင်ပုဒ်တွေကို နေရာအနှံ့မှာ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်တွေကို ကြည့်မယ်ဆိုရင်လည်း-

- လွှတ်တော်ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းနှင့် သမ္မတ ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊
- ပြည်သူလူထုကို ကိုယ်စားပြုခြင်း၊
- ဥပဒေပြုခြင်း၊
- အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန် ထိန်းညှိခြင်းတို့ကို တွေ့ရမှာ ဖြစ်ပါတယ်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလအတွင်းမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ကို မဲပေးရွေးချယ်တင်မြှောက်ပေးလိုက်တဲ့ ပြည်သူတွေ့ရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အဲ့ဒီနောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက် အတည်ပြုဆောင်ရွက်နေကြပြီဖြစ်လို့ လွှတ်တော်ရဲ့ အဓိကတာဝန်တွေကို အချိန်တိုအတွင်း အထိုက်အလျောက် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီဆောင်ရွက်ချက်အတွက် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူများအားလုံးကို ပြည်သူ့လွှတ်တော်က ကျေးဇူးတင်၊ ဝမ်းမြောက်၊ ဂုဏ်ယူ၊ မှတ်တမ်းပြု အပ်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

မကြာမီ လွှတ်တော်ကို ခေတ္တရပ်နားမှာဖြစ်ပါတယ်။ လွှတ်တော်ရပ်နားနေစဉ် ကာလအတွင်းမှာလည်း ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်တာနဲ့အညီ ရောက်ရှိရာနေရာဒေသတိုင်းမှာ ပြည်သူ့အသံကို နားထောင်ခြင်း ၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ခြင်း ၊ အမျိုးသားအကျိုးစီးပွားကို အလေးနက်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မဲ့ပြည်သူ့ကိုယ်စားလှယ်များဖြစ်စေရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နဲ့ ပြည်သူကိုထာဝရကိုယ်စားပြုနိုင်ရန် အထူးအလေးထား ကြိုးစားဆောင်ရွက်ကြစေလိုပါတယ်။

ဒါ့အပြင် ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေမဲ့ လုပ်ငန်းတာဝန်များကိုလည်း စိတ်ကောင်း စေတနာမှန်နဲ့ ဆထက်ထမ်းပိုး ထမ်းဆောင်ကြဖို့ လိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်ရဲ့ အဓိကကျတဲ့ မဏ္ဍိုင်ကြီး တစ်ခုဖြစ်တဲ့ဥပဒေပြုမဏ္ဍိုင်မှာ ပါဝင်ဆောင်ရွက်နေကြ သူတွေဖြစ်လို့ မိမိတို့ ဆောင်ရွက်ရမဲ့ လုပ်ငန်းတာဝန်လုပ်ပိုင်ခွင့်တွေကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနဲ့ အညီကိုက်ညီအောင် ကြိုးပမ်းပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ဥပဒေရေးရာကိစ္စတွေကိုလည်း အချိန်တိုင်းမှာ လေ့လာထားရမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများအနေနဲ့ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်လို့ မိမိကိုယ်စားပြုရာ မဲဆန္ဒနယ်မြေ၊ မိမိကိုယ်စားပြုရာ မဲဆန္ဒနယ်မြေ အတွင်းမှာရှိတဲ့နိုင်ငံသူ၊ နိုင်ငံသားတွေနဲ့ နိုင်ငံတစ်ဝှမ်းရဲ့ အရေးကိစ္စတွေကို အမျှော်အမြင် ရှိစွာဖြင့် ဥပဒေနဲ့အညီအလေးထားကြိုးပမ်း ထမ်းဆောင်ကြပြီး ပြည်သူ့လိုလားချက်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်တဲ့မေတ္တာရှင် သူရဲကောင်းတွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွား နိုင်ကြဖို့လည်း ယုံကြည်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

မကြာမီ ကျရောက်တော့မည့် ၁၃၈၈ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူး အခါသမယတွင် ပျော်ရွှင်ကျန်းမာစွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှာ ကျန်းမာရွှင်လန်းစွာနဲ့ ကိုယ်စားလှယ်များအားလုံးကို ပြန်လည်ဆုံတွေ့ကြပါလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။